# THE MARKET WATCH

JULY 2019 ISSUE 3

**FMI, MTSH နှင့် TMH ဝင်ငွေအစီရင်ခံစာနှင့် အနာဂတ်အလားအလာ**



စာ - ၃ မှ ၉

**အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်း**



စာ - ၁၀ မှ ၁၂

## ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်အကျဉ်းချုပ်

ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ မှ ဇွန်လအတွင်း အစုရှယ်ယာရောင်းဝယ်မှုပမာဏ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၃.၂၅ ဘီလီယံကျော်ဖြစ်ပြီး၊ အစုရှယ်ယာအရေအတွက် ၆သိန်း ၁သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ Block Trading (ရှယ်ယာအရေအတွက် အမြောက်အများရောင်းဝယ်ခြင်း) အနေဖြင့် ဧပြီလ မှ ဇွန်လအတွင်း FMI ရှယ်ယာအရေအတွက် ၁၀,၅၁၃ စု၊ MTSH ရှယ်ယာအရေအတွက် ၄၇၀,၂၅၁ စု နှင့် MCB ရှယ်ယာအရေအတွက် ၄၀၁,၀၀၀ စုတို့ အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

| STOCK | 3-MONTH HIGH (MMK) | 3-MONTH LOW (MMK) | AVERAGE DAILY VOLUME | TOTAL TRADING VALUE (MMK) |
|---|---|---|---|---|
| FMI | 12,500 | 8,400 | 2,074 | 1,357.6 mil |
| MTSH | 3,450 | 2,800 | 5,990 | 1,133.1 mil |
| MCB | 7,900 | 7,000 | 210 | 94.7 mil |
| FPB | 24,500 | 20,000 | 260 | 350.6 mil |
| TMH | 3,100 | 2,600 | 1,783 | 317.1 mil |

## ရန်ကုန်စတော့အိပ်ချိန်းတွင် နိုင်ငံခြားသားများကို ရင်းနှီးမြှုပ်နှံရန် SECM မှခွင့်ပြုခြင်း

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)မှ ရန်ကုန်စတော့အိပ်ချိန်း (YSX) ရှိ စာရင်းဝင်ကုမ္ပဏီများတွင် နိုင်ငံခြားသားများ ၃၅% အထိ ပါဝင်ရင်းနှီးမြှုပ်နှံခွင့် ခွင့်ပြုချက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ကို ဇူလိုင်လ (၁၂) ရက် (သောကြာနေ့) တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ YSX သည် နိုင်ငံခြားသားများ စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများကို စတင် အရောင်းအဝယ်ပြုလုပ်နိုင်မည့်ရက်နှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းစည်းမျဉ်းများကို SECM ၏ ခွင့်ပြုချက်ရယူ၍ ထုတ်ပြန်ရမည် ဖြစ်ပါသည်။ YSX သည် အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရာတွင် အစုရှယ်ယာတစ်မျိုး တစ်စားတည်းထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီအသီးသီးက ကော်မရှင်သို့ တင်ပြထားသည့် နိုင်ငံခြားပိုင်ဆိုင်မှုကို လက်ခံခွင့်ပြုမည့် ရာခိုင်နှုန်းအတွင်းသာ အရောင်းအဝယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် အရောင်းအဝယ်ပြီးမြောက်ပြီး အစုရှယ်ယာများ မှတ်တမ်းတင်သည့်အချိန်တွင် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက တိုက်ရိုက်အစုရှယ်ယာပိုင်ဆိုင်မှုကိုသာ နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်မည် ဖြစ်ပါသည်။

နိုင်ငံခြားသားများ YSX ရှိ စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများကို စတင်အရောင်းအဝယ် ပြုလုပ်နိုင်မည့်ရက်မှာ ငွေချေးသက်သေခံလက်မှတ်ရလုပ်ငန်းများနှင့် YSX မှ နိုင်ငံခြားသားများ ရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်သည့် စနစ်အတွက်ပြင်ဆင်ခြင်းနှင့် SECM မှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ ရှယ်ယာအကောင့်များဖွင့်လှစ်နိုင်ရန် လုပ်ငန်းစည်းမျဉ်းများ ထုတ်ပြန်ရမည်ဖြစ်သောကြောင့် အမိန့်ကြော်ငြာစာထွက်ပြီး နောက်ထပ် (၂) လ မှ (၃) လ အထိကြာမြင့်နိုင်ချေရှိပါသည်။



# ရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသည့်ရက်စွဲများ

**AUG 3**

**FMI နှစ်ပတ်လည် အထွေထွေအစည်းအဝေး**
၉ နာရီ မှ ၁၁ နာရီခွဲအထိ
Sedona ဟိုတယ်၊ ရန်ကုန်

**SEP 1**

**YSX Expo ပွဲကြီး**
၉ နာရီခွဲ မှ ၃ နာရီခွဲအထိ
Novotel ဟိုတယ်၊ ရန်ကုန်

**SEP 1**

**MTSH နှစ်ပတ်လည် အထွေထွေအစည်းအဝေး**
နေ့လည် ၂ နာရီ စတင်မည်
Myanmar Expo Hall

**SEP 22**

**TMH နှစ်ပတ်လည် အထွေထွေအစည်းအဝေး**
ပွဲကျင်းပမည့်အချိန် ထပ်မံကြေငြာမည်။

| MTSH အမြတ်ဝေစု အချိန်ဇယား | |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ဇူလိုင်လ (၉) ရက် |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ဇူလိုင်လ (၁၀) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာအဖြစ်အတည်ပြုမည့်ရက် | ဇူလိုင်လ (၁၂) ရက် |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည် |

| TMH အမြတ်ဝေစု အချိန်ဇယား | |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ဇူလိုင်လ (၂၃) ရက် |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ဇူလိုင်လ (၂၄) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာအဖြစ်အတည်ပြုမည့်ရက် | ဇူလိုင်လ (၂၆) ရက် |
| ရှယ်ယာအရောင်းအဝယ် ရပ်ဆိုင်းထားမည့်ရက် | ဇူလိုင်လ (၂၄) မှ (၃၁) ရက် |
| အပိုဆု အစုရှယ်ယာ ထုတ်ပေးမည့်ရက် | ဇူလိုင်လ (၃၁) ရက် |
| ငွေသားအမြတ်ဝေစု ထုတ်ပေးမည့်ရက် | စက်တင်ဘာလ (၂၇) ရက် |

# စာရင်းဝင် ကုမ္ပဏီ သတင်းများ

## ရိုးမဘဏ်၏ အစုရှယ်ယာဝယ်ယူခြင်းနှင့် အစုရှယ်ယာပိုင်ဆိုင်မှု ပြောင်းလဲခြင်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်တွင် International Finance Corporation (IFC) နှင့် ချုပ်ဆိုခဲ့သည့် ပြောင်းလဲနိုင် သောချေးငွေ (convertible loan) စာချုပ်အရ FMI ကုမ္ပဏီသည် IFC ထံကျန်ရှိသေးသောချေးငွေများကို ရိုးမဘဏ်၏ အစုရှယ်ယာ ၅% သို့ပြောင်းလဲရန် ၂၀၁၉ ခုနှစ်၊ မေလ (၂၃) ရက်တွင် သဘောတူညီမှု ရရှိခဲ့သည်။ အဆိုပါ ချေးငွေမှ အစုရှယ်ယာသို့ ပြောင်းလဲမှုသည် ရိုးမဘဏ်၏ အစုရှယ်ယာဝယ်ယူခြင်းနှင့် အစုရှယ်ယာပိုင်ဆိုင်မှုပြောင်းလဲခြင်း ဆောင်ရွက်ချက် (၁) ဖြစ်ပြီး ရိုးမဘဏ်သည်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးစီးပွားဖြစ်ဘဏ်တစ်ခုဖြစ်လာခဲ့သည်။ အဆိုပါ ဆောင်ရွက်ချက် (၁) လုပ်ဆောင်မှုအပြီး တွင် ရိုးမဘဏ်တွင်ရှိ FMI ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

YOMA BANK → ကျန်ရှိသည့် ချေးငွေများကို အစုရှယ်ယာ ၅% အဖြစ်ပြောင်းလဲ → IFC

| ဆောင်ရွက်ချက် (၁) မတိုင်ခင် | ဆောင်ရွက်ချက် (၁) အပြီး |
|---|---|
| 51% | 48.45% |

ဆောင်ရွက်ချက် (၂) အရ FMI ကုမ္ပဏီသည် Yangon Land ကုမ္ပဏီနှင့် ရှယ်ယာအလဲအထပ်ပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး Yangon Land ပိုင် ရိုးမဘဏ် အစုရှယ်ယာ ၆၆၉,၅၅၃ စု အားအလဲအထပ်ပြုလုပ်ရန် FMI သာမန်အစုရှယ်ယာအသစ် ၉.၀၉ သန်းခန့်ကို Yangon Land သို့ ထုတ်ဝေမည့်အပြင် ငွေသား ကျပ် (၁၀.၁) ဘီလီယံခန့်ကိုပါ ထပ်ဆောင်းပေးမည်ဖြစ်ပါသည်။ အသစ်ထုတ်ဝေမည့် FMI သာမန် အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀ အဖြစ်သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်ချက် (၂) လုပ်ဆောင်မှုနှင့်တကွ FMI ကုမ္ပဏီ ၏ အခြားမတည်ရင်းနှီးငွေတိုးချဲ့ လုပ်ဆောင်မှုများအပြီးတွင် ရိုးမဘဏ်တွင်ရှိ FMI ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

FMI → အသစ်ထုတ်ဝေမည့် FMI သာမန်အစုရှယ်ယာ ၉.၀၉ သန်း + ငွေသား ကျပ် ၁၀.၁ ဘီလီယံ → YANGON LAND

YANGON LAND → ရိုးမဘဏ်ရှယ်ယာ ၆၆၉,၅၅၃ စု → FMI

| ဆောင်ရွက်ချက် (၂) မတိုင်ခင် | ဆောင်ရွက်ချက် (၂) အပြီး |
|---|---|
| 48.45% | 62.52% |

## MCB ၏ငွေလွှဲလုပ်ငန်းများနှင့် "သဘာဝ" ပရောဂျက်များအတွက် သဘောတူလက်မှတ်ရေးထိုးမှုများ

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသားများဘဏ် (MCB) သည် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ငွေလွှဲလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီဖြစ်သည့် Queen Bee Capital နှင့် ဂျပန်နှင့် မြန်မာနိုင်ငံများကြား ငွေလွှဲလုပ်ငန်းများပြုလုပ်နိုင်ရန် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါလက်မှတ်ရေးထိုးမှုအရ ဂျပန်နိုင်ငံ၏ ငွေလွှဲမှုများကို MCB နှင့် အခြားသော ပြည်တွင်းဘဏ်များရှိ current ၊ saving အကောင့်များနှင့် ATM ကတ်များမှ ထုတ်ယူနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် မေလတွင် MCB သည် လက်ရှိဆောင်ရွက်နေသည့် "သဘာဝ" ပရောဂျက်အတွက် ပြည်တွင်း supplier များနှင့် နားလည်မှု စာချွန်လွှာများရေးထိုးခဲ့ပါသည်။ "သဘာဝ" ပရောဂျက်သည် မြန်မာနိုင်ငံ၏ အစားအသောက်နှင့် အဖျော်ယမကာ ကဏ္ဍတွင် ညစ်ညမ်းစေမှုပိုနည်းသည့် ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများကို ပံ့ပိုးနိုင်ရန် ရည်ရွယ်ပါသည်။

## TMH ၏ရှမ်းပြည်နယ်အစိုးရနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးမှု

၂၀၁၉ ခုနှစ်၊ မေလ (၂၄) ရက်တွင် TMH Telecom ကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့အနီးရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစခန်း (၄) ခုကို လုပ်ငန်းဧရိယာအကဲဖြတ်လေ့လာခြင်း ခွင့်ပြုချက်ကို ရှမ်းပြည်နယ်အစိုးရ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုး၍ ရရှိခဲ့ပါသည်။ TMH သည် အဆိုပါ အကဲဖြတ်လေ့လာမှုများမှ power station တည်ဆောက်ရန် ဖြစ်နိုင်စွမ်းအခြေအနေများ တွေ့ရှိပါက စွမ်းအင်ဖြန့်ဖြူးရေးစခန်းများကို တည်ဆောက်ခြင်း စီမံကိန်းများအားလုံးကို ခွင့်ပြုချက်ရရှိမည် ဖြစ်သည်။

အဆိုပါလက်မှတ်ရေးထိုးမှုသည် TMH ကုမ္ပဏီ၏ စွမ်းအင်လုပ်ငန်းများတွင် လုပ်ငန်းတိုးချဲ့ရန် ပြင်ဆင်သည့် လုပ်ဆောင်မှုအဖြစ်ယူဆရပြီး ကုမ္ပဏီသည် တွဲဖက်လုပ်ငန်းများလုပ်ဆောင်ပါက ကုမ္ပဏီဘုတ်အဖွဲ့မှ အသိပေးတင်ပြသွားမည် ဖြစ်သည်။

# FMI ကုမ္ပဏီလီမိတက် – ဝင်ငွေအစီရင်ခံစာနှင့် အနာဂတ်အလားအလာ

## ကုမ္ပဏီအုပ်စု ဝင်ငွေများတိုးတက်လာသည့်အညီ အသုံးစရိတ်များလည်းမြင့်တက်

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် FMI ကုမ္ပဏီအုပ်စု၏ ဝင်ငွေမှာ ကျပ် ၂၇၉.၇ ဘီလီယံရှိခဲ့ပြီး ကုမ္ပဏီ၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝင်ငွေ ၃၆.၅% တိုးတက်မှုသည် အဓိကအထောက်အကူပြုခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ထက် ၃၆% တိုးတက်ခဲ့သော်လည်း FMI ၏ အသုံးစရိတ်များဖြစ်သည့် ဝန်ထမ်းလစာအသုံးစရိတ်များ၊ ကျွမ်းကျင်ပညာရှင်များ၏စရိတ်၊ ဈေးကွက်မြှင့်တင်ရေးစရိတ်များနှင့် အခြားဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာစရိတ်များမှာ ၄၉.၇% ခန့် ပိုမိုများပြားလာခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်ဝင်ငွေအချိုးမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ၅.၂% သာရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ၁၂.၁% ရှိခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၆.၉% ခန့် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ FMI ၏ လက်ရှိ ရှယ်ယာတစ်စုဝင်ငွေမှာ ကျပ် ၃၃၈ ဖြစ်ပါသည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ကျပ် ၃၀၆.၂ ဘီလီယံခန့်ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ထက် ၁၂.၉% တိုးတက်မှုရှိခဲ့ပါသည်။ FMI ၏ အသားတင်အကြွေးမှာ ကျပ် ၁၁၉.၁ ဘီလီယံရှိခဲ့၍ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ထက် ၄၀.၈% ပိုမိုများပြားခဲ့ကာ ကုမ္ပဏီ၏ အကြွေး/မတည်ရင်းနှီးငွေအချိုးမှာ ၃၉% ရှိလာခဲ့သည်ကို တွေ့ရသည်။

| | FY 2019 | FY 2018 | % CHANGE |
|---|---|---|---|
| **FOR THE FINANCIAL YEAR (MMK '000)** | | | |
| Revenue | 279,735,934 | 205,619,926 | 36.0% |
| Gross Profit | 110,728,849 | 72,765,909 | 52.2% |
| Net Profit | 14,443,389 | 24,777,453 | (41.7%) |
| Net Profit attributable to Equity Holders | 9,011,337 | 18,617,449 | (51.6%) |
| Net Cash and Cash Equivalents | 350,634,146 | 286,955,946 | 22.2% |
| Earnings per share (MMK per share) | 338 | 746 | (54.7%) |
| **AS AT 31 MARCH 2019 (MMK '000)** | | | |
| Non-Controlling Interests | 92,904,252 | 88,221,605 | 5.3% |
| Net Debt[1] | 119,051,822 | 84,541,033 | 40.8% |
| Total Capital[2] | 306,197,602 | 271,105,976 | 12.9% |

*Ref: FMI Co., Ltd*

**FY 2019**

အကြမ်းအမြတ်အချိုး
၃၉.၆%

အသားတင်အမြတ်အချိုး
၅.၂%

အကြွေး/မတည်ရင်းနှီးငွေအချိုး
၃၉.၀%

## ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေကို အဓိကပံ့ပိုးလျက်ရှိ

ရိုးမဘဏ်၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းသည် FMI ကုမ္ပဏီအုပ်စု၏ ဝင်ငွေကို အဓိကအခန်းကဏ္ဍမှ ဆက်လက်ပံ့ပိုးပေးလျှက်ရှိပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု စုစုပေါင်းဝင်ငွေ၏ ၉၁% ကို ထောက်ပံ့ပေးခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးလုပ်ငန်းများသည် လည်း ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်များတွင် ပုံမှန်ဝင်ငွေများတိုးတက်ခဲ့ပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ၃၂.၆% တိုးတက်မှုရှိခဲ့ပြီး ကျပ် ၂၄.၉ ဘီလီယံ ဝင်ငွေရရှိခဲ့သည်။ FMI ၏ ဖက်စပ်လုပ်ငန်းနှင့် တွဲဖက်လုပ်ငန်းများမှ ခွဲဝေသည့်အမြတ်ဝင်ငွေမှာ ၇၄.၉% တိုးတက်ခဲ့ပြီး ကျပ် ၂၀.၅ ဘီလီယံအထိရှိခဲ့ပါသည်။ အဆိုပါ အမြတ်ငွေတိုးတက်မှုတွင် Thanlyin Estate Development မှ ဈေးကွက်တန်ဖိုးနှင့်အညီ ပြန်လည်တန်ဖိုးသင့်ရာမှ ရရှိသော အမြတ်ငွေနှင့် Pun Hlaing Link Services Co., Ltd မှ ရရန်ပိုင်ခွင့် တချို့အား Yangon Land Co., Ltd သို့ လွှဲပြောင်းခြင်းမှ ရရှိခဲ့သော အမြတ်ငွေ တို့ကြောင့် ဖြစ်ပါသည်။

### ၂၀၁၈-၁၉ FMI ဝင်ငွေခွဲတမ်း (ကျပ်)




| Associates & Joint Venture | Profit/Loss ('000) |
|---|---|
| Chindwin Holdings | (50,642) |
| Thanlyin Estate Development | 17,539,469 |
| Meeyahtar International Hotel | 128,287 |
| LSC-FMI Co., Ltd | (1,640) |
| Pun Hlaing Link Services | 3,313,681 |
| FMI Garden Development | (163,331) |
| FMI Decaux | (189,156) |
| Total | 20,576,668 |

## FMI ကုမ္ပဏီ၏ Fundamental များကို လေ့လာခြင်း

| | FY 2018 | FY 2019 |
|---|---|---|
| Book Value per share (MMK) | 12,336 | 11,672 |
| Cash Dividend (MMK) | 100 | - |
| Dividend Yield | 0.87% | - |
| Dividend Payout Ratio | 13.40% | - |
| Earnings per share (MMK) | 746 | 338 |
| Price to Earnings Ratio | 15.41 | 33.99 |
| Price to Book Ratio | 0.93 | 0.99 |
| Current Ratio | 0.89 | 0.86 |
| Return on Assets | 1.08% | 0.51% |
| Return on Equity | 13.28% | 7.72% |
| Profit Margin | 12.05% | 5.16% |
| Debt to Equity Ratio | 0.45 | 0.64 |
| Net Gearing Ratio | 31.18% | 38.88% |

- Earnings per share နှင့် PE ratio များသည် ရိုးမဘဏ် အစုရှယ်ယာ ပိုင်ဆိုင်မှုအပြောင်းအလဲ ဆောင်ရွက်ချက်များ အပြီးတွင် ကိန်းဂဏန်း အပြောင်းအလဲရှိနိုင်ပါသည်။
- ၂၀၁၈-၁၉ အတွက် အမြတ်ဝေစု မခွဲဝေရန် ဒါရိုက်တာအဖွဲ့မှ အဆိုပြုထားသည်။
- ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်ငွေများ ကျဆင်းခဲ့သောကြောင့် အမြတ်အစွန်းအချိုးများ ကျဆင်းခဲ့သည်ကို တွေ့ရသည်။
- ကုမ္ပဏီအုပ်စု၏ အသားတင်အကြွေးတိုးတက်မှု သည် မတည်ရင်းနှီးငွေ၏ တိုးတက်မှုထက် များပြားနေသောကြောင့် net gearing ratio မှာ တိုးမြင့်လာခဲ့သည်။
- Net gearing ratio မှာ ကုမ္ပဏီအုပ်စုမှ ပစ်မှတ် ဖြစ်သည့် ၄၀% အောက်တွင် ဆက်လက်ရပ်တည်နေသည်။

မှတ်ချက် - ဈေးနှုန်းအချိုးများကို ရှယ်ယာတစ်စုတန်ဖိုး ကျပ် ၁၁,၅၀၀ ဖြင့် တွက်ချက်ထားပါသည်။

### ကုမ္ပဏီ၏ အနာဂတ်အလားအလာ

### ဘဏ္ဍာရေးလုပ်ငန်းဝန်ဆောင်မှု

ရိုးမဘဏ်၏ အစုရှယ်ယာဝယ်ယူခြင်းနှင့် ပိုင်ဆိုင်မှုပြောင်းလဲခြင်းဆိုင်ရာ ဆောင်ရွက်ချက်များအပြီးတွင် FMI ကုမ္ပဏီအုပ်စု၏ ရိုးမဘဏ်တွင် ရှယ်ယာပိုင်ဆိုင်မှုမှာ ၆၂.၅၂% ခန့်ရှိမည် ဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်များတွင် ရိုးမဘဏ်၏ တိုးတက်မှုနှုန်းနှင့် FMI ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အဓိကအခန်းကဏ္ဍမှ ထောက်ပံ့ပေးမှုကို လေ့လာခြင်းဖြင့် FMI ၏ ရိုးမဘဏ်တွင် ၆၂.၅၂% ပိုင်ဆိုင်မှုသည် ကုမ္ပဏီအုပ်စု၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်ချေရှိကြောင်း တွေ့ရသည်။ သို့သော် အဆိုပါရိုးမဘဏ်၏ ဆောင်ရွက်ချက်များတွင် FMI သာမန်ရှယ်ယာအသစ် ၉ သန်းခန့် ထုတ်ဝေခြင်းပါဝင်မည် ဖြစ်သောကြောင့် FMI ကုမ္ပဏီအုပ်စု၏ ရှယ်ယာတစ်စုဝင်ငွေနှင့် အသားတင်မြင်သာသောပိုင်ဆိုင်မှုများ (net tangible assets) မှာ အားပျော့ (diluted) သွားမည်ကို သတိပြုရမည်ဖြစ်သည်။

### အိမ်ခြံမြေလုပ်ငန်းဝန်ဆောင်မှု

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် FMI ၏ အိမ်ခြံမြေလုပ်ငန်းဖြစ်သည့် Yoma Land မှ တန်ဖိုးနည်းအိမ်ရာစီမံကိန်းဖြစ်သည့် City Loft ကို စတင်ခဲ့ခြင်းကြောင့် ၎င်း၏ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကို လူလတ်တန်းစားဈေးကွက်သို့ တိုးချဲ့ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ လက်ရှိ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းသည် ပြောင်းလဲမှုများနှင့် ကြုံတွေ့နေသည့် အချိန်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် စတင်တည်ဆောက်လျက်ရှိသည့် City Loft စီမံကိန်းမှာ FMI ကုမ္ပဏီအုပ်စု၏ အိမ်ခြံမြေလုပ်ငန်းများအတွက် ဝင်ငွေလမ်းကြောင်းအသစ် တစ်ရပ်ပင်ဖြစ်ပါသည်။ Yoma Land ၏ အဓိကစီမံကိန်းဖြစ်သည့် Yoma Central မှာလည်း ရည်မှန်းထားသည့်အတိုင်း ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အကောင်ထည်ဖော်ပြီးမြောက်မည် ဖြစ်သည်။ လက်ရှိအချိန်တွင် FMI သည် Yoma Central စီမံကိန်းတွင် ၁၂% ရှယ်ယာပိုင်ဆိုင်ပါသည်။

### ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှု

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွင် ကုမ္ပဏီအုပ်စုသည် “Hub and Spoke” ကျန်းမာရေးဝန်ဆောင်မှုပုံစံကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်သည်။ စီးပွားရေးမိတ်ဖက်ဖြစ်သည့် စင်္ကာပူစတော့အိပ်ချိန်းစာရင်းဝင် OUE Lippo Healthcare Limited နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအရ မဟာဗျူဟာမြောက်သည့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများစွာကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ခရီးသွားကဏ္ဍတွင် မြန်မာနိုင်ငံအစိုးရမှ တရုတ်ခရီးသွားဧည့်သည်များအတွက် ဗီဇာသတ်မှတ်ချက်များဖြေလျှော့ပေးခဲ့ခြင်းနှင့် အခြားအရှေ့အာရှနိုင်ငံအချို့မှ ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်များ လုပ်ဆောင်ခဲ့သောကြောင့် အနောက်တိုင်းခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့လာရောက်မှု ကျဆင်းခဲ့သော်လည်း အာရှခရီးသွားများလာရောက်မှုမြင့်တက်ခဲ့သည်ကို တွေ့ရသည်။ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာ့ ခရီးသွားဘဏ် (MTB) ပေါ်ပေါက်လာခြင်းနှင့် ရှေးဟောင်း ပုဂံမြို့သည်လည်း UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားခဲ့ခြင်း ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ အနာဂတ်ကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ FMI ကုမ္ပဏီအုပ်စု၏ Memories အုပ်စုသည်လည်း မြန်မာနိုင်ငံ၏ ခရီးသွားအချက်အချာကျသည့်ဒေသများတွင်ရှိ ဟိုတယ်များတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ခရီးသွားကဏ္ဍ၏ ခိုင်မာသည့် အနာဂတ်အလားအလာကို ထိရောက်စွာအသုံးချနိုင်မည် ဖြစ်သည်။

## MTSH အများပိုင်ကုမ္ပဏီလီမိတက် – ဝင်ငွေအစီရင်ခံစာနှင့် အနာဂတ်အလားအလာ

### MTSH ၏ လက်ရှိဖက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ




### ခက်ခဲသည့် ဈေးကွက်အခြေအနေတွင် ဖက်စပ်လုပ်ငန်းများ၏ စွမ်းဆောင်ရည်ဆက်လက်ကောင်းမွန်လျက်ရှိ

၂၀၁၈-၁၉ ဘဏ္ဍာရေးအတွက် MTSH ၏ အမြတ်ဝင်ငွေမှာ ကျပ် ၅.၃ ဘီလီယံရှိခဲ့ပြီး ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းများမှ ဝင်ငွေများလျော့ကျခဲ့သည့်အတွက် ယခင်ဘဏ္ဍာရေးနှစ်ထက် ဝင်ငွေ ၅၁% ကျဆင်းခဲ့သည်။ ကုမ္ပဏီ၏ ဝင်ငွေများကျဆင်းခဲ့သော်လည်း ကော်မရှင်လုပ်ငန်းများမှ ဝင်ငွေများတိုးတက်လာခဲ့ခြင်းကြောင့် MTSH ၏ အကြမ်းအမြတ်ငွေအချိုးမှာ ၆၀.၃% အထိရှိခဲ့ပါသည်။ MTSH ၏ ဖက်စပ်လုပ်ငန်းများမှ ခွဲဝေသောအမြတ်များမှာ ၂၅% ခန့်တိုးတက်ခဲ့ပြီး ကျပ်ငွေ ၁၁.၄ ဘီလီယံအထိရှိခဲ့ပါသည်။ သီလဝါ SEZ ၏ စက်မှုဇုံရှယာကို တာဝန်ယူလုပ်ဆောင်နေသော MTSH ၏ ဖက်စပ်လုပ်ငန်းဖြစ်သည့် MJTD သည် အသားတင်အမြတ်ငွေ ၁၁% တိုးတက်ခဲ့

ပြီး အမေရိကန်ဒေါ်လာ ၁၈.၃ သန်းရှိခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းဈေးကွက်အခြေအနေခက်ခဲမှုများကြောင့် MTSH ၏ အခြားဖက်စပ်လုပ်ငန်းဖြစ်သည့် TPD ၏ အသားတင်အမြတ်ငွေမှာ ၈၃% ကျဆင်းခဲ့ပြီး ကျပ် ၆၁၄ သန်းသာရှိခဲ့ပါသည်။ MTSH ၏ အခြားဝင်ငွေများမှာ အတိုးရဝင်ငွေများနှင့် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများမှ အမြတ်ဝင်ငွေများ ပါဝင်ပါသည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် MTSH ၏ အသားတင်အမြတ်ငွေများတိုးတက်ခြင်းနှင့်အတူ MTSH ၏ ရှယ်ယာတစ်စုဝင်ငွေမှာ ၂၈% တိုးတက်ခဲ့ပြီး ကျပ် ၃၉၈ အထိတိုးတက်လာခဲ့ပါသည်။

Kyat in million

| | Percentage changed | 31-Mar-19 | 31-Mar-18 (Restated) |
|---|---|---|---|
| Revenue | (51%) | 5,382 | 11,001 |
| Cost of sales | (63%) | (2,134) | (5,771) |
| Gross profit | (38%) | 3,248 | 5,230 |
| Expenses | 11% | (2,825) | (2,535) |
| Share of profit from associate | 25% | 11,395 | 9,083 |
| Operating profit | 0% | 11,818 | 11,778 |
| Income/(expense) from non-operating activities | 283% | 4,096 | 1,070 |
| Total profit before tax | 24% | 15,915 | 12,849 |
| Income tax expense | 600% | (304) | (43) |
| Net profit | 22% | 15,610 | 12,805 |
| Gross profit margin | 27% | 60% | 48% |
| Earning per share (Kyat) | 28% | 398 | 310 |

*Ref: MTSH Public Co., Ltd*

## FY 2019

**အကြမ်းအမြတ်အချိုး**
**၆၀.၃%**

MTSH ၏ ငွေသားစီးဆင်းမှုအရ ကုမ္ပဏီ၏ အဓိကဝင်ငွေများမှာ ဖက်စပ်လုပ်ငန်းများမှ ရရှိလျက်ရှိပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ အသားတင် အမြတ်ငွေသည် ရောင်းရဝင်ငွေနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားသည်ကို တွေ့ရပါသည်။

## သီလဝါ SEZ ရှိ ရင်းနှီးမြှုပ်နှံမှုခွဲတမ်း







*Ref: MTSH Public Co., Ltd*

## သီလဝါ SEZ စက်မှုဇုန် ဧရိယာရောင်းချပြီးစီးမှု

| ဇုန်ဧရိယာ | ရောင်းချပြီးစီးမှု (%) |
|---|---|
| Zone A | 99% |
| Zone B – Phase 1 | 81% |
| Zone B – Phase 2 | 42% |
| Zone B – Phase 3 | 65% |

*(၂၀၁၉ ဇူလိုင် စာရင်းအရ)*

**ထိပ်တန်း ရင်းနှီးမြှုပ်နှံမှု အမျိုးအစား**

၁) ဆောက်လုပ်ရေးပစ္စည်း - 17 ခု
၂) ထုတ်ပိုးပစ္စည်း - 10 ခု
၃) အထည်ချုပ် - 9 ခု
၄) စားသောက်/အဖျော်ယမကာ - 9 ခု
၅) စိုက်ပျိုးရေးပစ္စည်း - 8 ခု

**ထိပ်တန်း ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ**

၁) ဂျပန် - 55 ခု
၂) ထိုင်း - 15 ခု
၃) ကိုရီးယား - 8 ခု
၄) ထိုင်ဝမ် - 6 ခု
၅) စင်္ကာပူ - 3 ခု

## Zone A နှင့် Zone B စက်မှုဇုန် ဧရိယာများတွင် ဈေးကွက်စိတ်ဝင်စားမှုများပြားလျက်ရှိ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ စာရင်းများအရ MTSH သည် Zone A စက်မှုဇုန် ဧရိယာ၏ ၉၉% ကို ရောင်းချပြီးစီး၍ Zone B ၏ အကောင်အထည်ဖော်မှု အဆင့် ၁, ၂ နှင့် ၃ များတွင် ၈၁%၊ ၄၂% နှင့် ၆၅% အသီးသီး ရောင်းချပြီးဖြစ်ပါသည်။ လက်ရှိ သီလဝါ SEZ တွင် ကုမ္ပဏီပေါင်း ၁၀၇ ခု ရင်းနှီးမြှုပ်နှံလျက်ရှိပြီး အဆိုပါ ကုမ္ပဏီများထဲမှ ကုမ္ပဏီ ၉၀ ခုမှာ ဂျပန်၊ ထိုင်း၊ ကိုရီးယားနှင့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။ အခြားလက်ကျန် ကုမ္ပဏီ ၁၇ ခု မှာ တွဲဖက်ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီ ၁၀၇ ခု သည် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံခန့်ရှိပြီး အခြား အင်အားကြီး နိုင်ငံစုံကုမ္ပဏီများဖြစ်သည့် Toyota Motor Corporation ကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ သီလဝါ SEZ ကို ဆက်လက်အကျိုးပြုဖွယ်ရှိပါသည်။

## MTSH ကုမ္ပဏီ၏ Fundamental များကို လေ့လာခြင်း

| | FY 2018 | FY 2019 |
|---|---|---|
| Book Value per share (MMK) | 2,194 | 2,365 |
| Cash Dividend (MMK) | 230 | 250 |
| Dividend Yield | 7.19% | 7.58% |
| Dividend Payout Ratio | 74.24% | 62.84% |
| Earnings per share (MMK) | 310 | 398 |
| Price to Earnings Ratio | 10.33 | 8.29 |
| Price to Book Ratio | 1.46 | 1.40 |
| Current Ratio | 16.14 | 22.74 |
| Return on Assets | 13.92% | 16.00% |
| Return on Equity | 16.44% | 18.49% |
| Profit Margin | 116.40% | 290.04% |
| Debt to Equity Ratio | - | - |
| Net Gearing Ratio | - | - |

- MTSH ရှယ်ယာ အမြတ်ဝေစုခံစားရန် နောက်ဆုံး ဝယ်ယူရမည့်ရက်၏ ရှယ်ယာပိတ်ဈေး အရ MTSH ၏ အမြတ်ဝေစုအချိုးမှာ ၇.၅၈% ခန့်ရှိ၍ လက်ရှိ ပြည်တွင်းဘဏ်များတွင်ပေးအပ်သည့် အတိုးနှုန်းနီးပါးခန့် ရှိသည်ကိုတွေ့ရသည်။
- ကုမ္ပဏီ၏ အသားတင်အမြတ်ငွေနှင့် ဖက်စပ် လုပ်ငန်းများမှရရှိသည့် အမြတ်ငွေများ တိုးတက် လာခဲ့သည့် အတွက် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် တွင် MTSH ၏ earnings per share မှာ ကျပ် ၃၉၈ သို့ မြင့်တက်ခဲ့သည်။
- MTSH ၏ ဝင်ငွေများ တိုးတက်ခဲ့ခြင်းကြောင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် အမြတ်အစွန်း အချိုးများလည်း တိုးတက်ခဲ့သည်။
- ကုမ္ပဏီသည် လက်ရှိအချိန်တွင် ကြွေးမြီများမပါဘဲ လုပ်ငန်းပုံမှန်လည်ပတ်နေသောကြောင့် debt to equity ratio နှင့် net gearing ratio များတွက်ချက်နိုင်မည်မဟုတ်ပါ။

မှတ်ချက် - ဈေးနှုန်းအချိုးများကို ရှယ်ယာတစ်စုတန်ဖိုး ကျပ် ၃,၃၀၀ ဖြင့် တွက်ချက်ထားပါသည်။

ပြီးခဲ့သည့် (၄) နှစ်အတွင်း MTSH ရှယ်ယာသည် နှစ်စဉ် အမြတ်ဝေစုများကို တစ်စုလျှင် ကျပ် ၂၃၀ မှ ၂၆၀ အထိ ရှယ်ယာရှင်များကို ပုံမှန်ခွဲဝေခဲ့သည့်အတွက် အမြတ်ဝေစုဝင်ငွေ ပုံမှန်ရရှိလိုသော ရင်းနှီးမြှုပ်နှံသူများအတွက် သင့်တော်သည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်သည်။

## ကုမ္ပဏီ၏ အနာဂတ်အလားအလာ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ကုမ္ပဏီ၏ ခိုင်မာသည့် ငွေသားစီးဆင်းမှုကို ပိုမိုအထောက်အကူပြုဖွယ်ရှိ

MTSH သည် ၄င်း၏ ဖက်စပ်လုပ်ငန်းဖြစ်သည့် MJTD မှ စက်မှုဇုန်ဧရိယာမြေရောင်းချမှုနှင့် စက်ရုံများငှားရမ်းမှုတို့မှ အကျိုးအမြတ်များ ဆက်လက်ရရှိရန်ရှိပါသည်။ Zone A ၏ မြေကွက်ရောင်းချပြီးစီးမှုသည် ပြီးမြောက်လုနီးပါးရှိပြီး Zone B ၏ အကောင်အထည်ဖော်ဆောင် ရွက်သည့် လုပ်ငန်းများမှာလည်း ပုံမှန်တိုးတက်လျက်ရှိသည်။ MTSH အတွက် အဆိုပါ စီမံကိန်းများမှ ပုံမှန်နှင့် ထပ်တလဲဝင်ငွေ (recurring revenue) များသည် ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုကို အထောက်အကူပြုမည် ဖြစ်ပါသည်။ အိမ်ခြံမြေဈေးကွက်တွင် ခက်ခဲမှုများရှိနေသော် လည်း MJTD ၏ အမြတ်ဝင်ငွေတိုးတက်လာမှုသည် သီလဝါ SEZ တွင် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှု ခိုင်မာလျက်ရှိသည်ကို ဖော်ပြပါသည်။ အင်အားကြီး Toyota ကုမ္ပဏီ၏ သီလဝါ SEZ တွင် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၅၂.၆ သန်းခန့်ရှိမည်ဖြစ်ပြီး ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုကို ပိုမိုခိုင်မာစေမည် ဖြစ်သည်။ ထို့အပြင် Toyota ကုမ္ပဏီကဲ့သို့ ကမ္ဘာ့ထိပ်သီးကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုသည် အခြားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်ရန် လမ်းပြရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် တွေ့မြင်ရပါသည်။

### သီလဝါ SEZ အပြင် အခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် အစီအစဉ်များကြောင့် ရေရှည် အနာဂတ်အလားအလာကောင်းမွန်

သီလဝါ SEZ တွင် ၂၀၁၉ ခုနှစ်မကုန်မီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဈေးဝယ်စင်တာ စီမံကိန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် သက်ဆိုင်သော အခြားစီမံကိန်းများသည် MTSH ၏ အနာဂတ် ငွေသားစီးဆင်းမှုကို အထောက်အကူပြုမည် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုသည် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Zone A နှင့် Zone B စီမံကိန်းအပြီးတွင် သီလဝါ SEZ တွင် အကောင်ထည်ဖော် ဆောင်ရွက်ရန် မြေဧရိယာ ၇၅% ခန့် ကျန်ရှိနေသည့်အတွက် ကုမ္ပဏီ၏ ရေရှည်အနာဂတ်အလားအလာသည် ကောင်းမွန်လျက်ရှိပါသည်။ MTSH သည် ကုမ္ပဏီအုပ်စု၏ စီးပွားရေးကို နောက်တဆင့်သို့ ထပ်မံတိုးချဲ့ရန်ပြင်ဆင်လျက်ရှိပြီး သီလဝါ SEZ အပြင် အခြား အထူးစက်မှုဇုန် များဖြစ်သည့် ကျောက်ဖြူ SEZ၊ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် မြစ်ကြီးနားစက်မှုဖွံ့ဖြိုးရေးဇုန်များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် လေ့လာမှုများ လုပ်ဆောင်လျက်ရှိပါသည်။

# TMH အများပိုင်ကုမ္ပဏီလီမိတက် – ဝင်ငွေအစီရင်ခံစာနှင့် အနာဂတ်အလားအလာ

## ခက်ခဲသည့် ဈေးကွက်အခြေအနေများကြောင့် ရောင်းရဝင်ငွေနှင့် အမြတ်ငွေများ ကျဆင်း

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် TMH ၏ ဝင်ငွေသည် ကျပ် ၈.၉ ဘီလီယံရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ထက် ဝင်ငွေ ၁၀.၁% ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် TMH သည် ICT လုပ်ငန်းဈေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကျဆင်းခဲ့ခြင်းနှင့်အတူ ခက်ခဲသည့် ဈေးကွက်အခြေအနေများကို ကြုံတွေ့ခဲ့ပါသည်။ ICT သည် လုပ်ငန်းတိုးချဲ့မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မှီခိုရသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ပြိုင်ဆိုင်မှုများပြင်းထန်ခဲ့ပါသည်။ ကုမ္ပဏီ၏ ဝင်ငွေကျဆင်းမှုကြောင့် TMH ၏ အကြမ်းအမြတ်ငွေနှင့် အသားတင်အမြတ်ငွေတို့မှာ ကျပ် ၄.၁ ဘီလီယံနှင့် ကျပ် ၆၆၃.၉ သန်းသို့ အသီးသီးကျဆင်းခဲ့ပါသည်။ TMH ၏ ရှယ်ယာတစ်စုဝင်ငွေမှာ ကျပ် ၅၂ ဖြစ်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ထက် ၆၂.၃% လျော့နည်းခဲ့သည်ကို တွေ့ရသည်။

| | FY 2018-19 MMK | FY 2017-18 MMK | % Change |
|---|---|---|---|
| Revenue | 8,939,871,162 | 9,940,424,952 | -10.1% |
| Costs of Good Sold | (4,869,957,058) | (4,358,820,344) | 11.7% |
| Gross Profit | 4,069,914,104 | 5,581,604,608 | -27.1% |
| Other Income | 84,699,174 | 111,061,506 | -23.7% |
| Expense | (3,062,502,072) | (3,316,647,302) | -7.7% |
| Profit before Tax | 1,092,111,206 | 2,376,018,812 | -54.0% |
| Tax Expense | (458,210,283) | (695,905,799) | -34.2% |
| **Net Profit after Tax** | **633,900,923** | **1,680,113,013** | -62.3% |
| Fair value adjustment of Investments | (71,246,500) | | |
| Total Comprehensive Income | 562,654,423 | 1,680,113,013 | -66.5% |
| Basic EPS (MMK) | 52 | 138 | |

*Ref: TMH Public Co., Ltd*

**FY 2019**

အကြမ်းအမြတ်အချိုး
၄၅.၅%

အသားတင်အမြတ်အချိုး
၇.၁%

## BTS လုပ်ငန်းသည် TMH ၏ စုစုပေါင်းဝင်ငွေကို အဓိကထောက်ပံ့လျက်ရှိ

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် BTS လုပ်ငန်းမှ ပရောဂျက်များပယ်ဖျက်ခဲ့သောကြောင့် လုပ်ငန်းဝင်ငွေမှာ ကျပ် ၆.၀၆ ဘီလီယံသာရှိခဲ့ပြီး ယခင်နှစ်ထက် ၆.၈% ကျဆင်းခဲ့ပါသည်။ ဘဏ္ဍာရေးနှစ်ဝင်ငွေများကျဆင်းခဲ့သော်လည်း TMH သည် MPT၊ MyTel နှင့် China Unicom များကို BTS လုပ်ငန်းဝန်ဆောင်မှုများပေးအပ်လျက်ရှိပြီး TMH ကုမ္ပဏီ ၏ စုစုပေါင်းဝင်ငွေ၏ ၈၁% ကိုထောက်ပံ့ထားပါသည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် TMH ကုမ္ပဏီသည် တာဝါတိုင်ပေါင်း ၆၀ ကျော် တည်ဆောက်ခဲ့သည်သာမက တာဝါတိုင်ပေါင်း ၈၀၀ ကျော်ကို ထိန်းသိမ်းခဲ့ပါသည်။

## Fiber လုပ်ငန်း

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် TMH ကုမ္ပဏီသည် Fiber လုပ်ငန်းများမှ ဝင်ငွေ ကျပ် ၀.၉ ဘီလီယံခန့် ရရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ထက် ဝင်ငွေ ၃၀.၈% လျော့နည်းခဲ့သည်။ TMH ကုမ္ပဏီသည် MPT အတွက် ၁,၀၀၀ ကီလိုမီတာခန့်ရှည်လျားသော fiber ထိန်းသိမ်းရေး ဝန်ဆောင်မှုများကို ရန်ကုန်၊ မန္တလေးနှင့် မကွေးဒေသများတွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် TMH ကုမ္ပဏီသည် ကီလိုမီတာ ၅၀၀ ခန့်ရှည်လျားသည့် fiber လိုင်းများတပ်ဆင်ခဲ့ပြီး ၄င်းတို့အနက်မှ ၉၉% သည် TMH ၏ ဖက်စပ်လုပ်ငန်းဖြစ်သည့် Myanmar GT Broadband ကုမ္ပဏီအတွက် ဖြစ်ပါသည်။

## Mobile Top-up လုပ်ငန်း

Fiber လုပ်ငန်းနည်းတူ TMH ကုမ္ပဏီ၏ mobile top-up လုပ်ငန်းသည်လည်း ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ၁၉% ခန့်ကျဆင်းခဲ့ပြီး ကျပ် ၁.၇ ဘီလီယံ ဝင်ငွေရရှိခဲ့ပါသည်။ TMH ၏ လုပ်ငန်းစက်ရုံ (၂) ရုံမှ MPT prepaid top-up ကတ်ပေါင်း ၆၉.၁ သန်းခန့်ထုတ်ဝေခဲ့ပြီး ရန်ကုန်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများရှိ မြို့နယ်ပေါင်း (၁၈) ခုကို ဖြန့်ဝေခဲ့ပါသည်။ ထို့အပြင် TMH ကုမ္ပဏီသည် ၄င်း၏ ဝင်ငွေများတိုးပွားလာစေရန် "သိပြီးပြီလား" mobile application ကို ကုန်သည်များနှင့် ဖောက်သည်များကြားဆက်သွယ်နိုင်အောင် ဈေးကွက်အတွင်း စတင်မိတ်ဆက်ခဲ့ပါသည်။

## TMH အဓိကဝင်ငွေခွဲတမ်း (ကျပ်)




## TMH အသားတင်အမြတ်ငွေအချိုး




မှတ်ချက် - ဝင်ငွေခွဲတမ်းတွင် ကုမ္ပဏီ၏ အခြားဝင်ငွေအရင်းအမြစ်များမပါဝင်ပါ။

*Ref: TMH Public Co., Ltd*

## TMH ကုမ္ပဏီ၏ Fundamental များကို လေ့လာခြင်း

| | FY 2018 | FY 2019 |
|---|---|---|
| Book Value per share (MMK) | 1,478 | 1,316 |
| Cash Dividend (MMK) | 200 | 50 |
| Dividend Yield | 6.56% | 1.72% |
| Dividend Payout Ratio | 145.38% | 96.33% |
| Earnings per share (MMK) | 138 | 52 |
| Price to Earnings Ratio | 22.17 | 55.87 |
| Price to Book Ratio | 2.06 | 2.20 |
| Current Ratio | 8.32 | 9.10 |
| Return on Assets | 8.47% | 3.64% |
| Return on Equity | 9.31% | 3.93% |
| Profit Margin | 16.90% | 7.09% |
| Debt to Equity Ratio | 0.00 | - |
| Net Gearing Ratio | 0.01% | - |

မှတ်ချက် - စျေးနှုန်းအချိုးများကို ရှယ်ယာတစ်စုတန်ဖိုး ကျပ် ၂,၉၀၀ ဖြင့် တွက်ချက်ထားပါသည်။

- ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် TMH ၏ earnings per share မှာ ကျပ် ၅၂ ရှိပြီး ရှယ်ယာတစ်စုလျှင် ငွေသား အမြတ်ဝေစု ကျပ် ၅၀ ပေးအပ်ခဲ့သည့်အတွက် ကုမ္ပဏီ၏ dividend payout ratio မှာ ၉၆.၃၃% အထိရှိခဲ့ပါသည်။
- ကုမ္ပဏီသည် ငွေသား အမြတ်ဝေစု အပြင် bonus ရှယ်ယာ အနေဖြင့် ရှယ်ယာအစု (၂၀) ပိုင်ဆိုင်တိုင်း ရှယ်ယာ (၁) စု ထပ်မံထုတ်ဝေရန် ဒါရိုက်တာအဖွဲ့ မှ အဆိုပြုထားသည်။
- ကုမ္ပဏီ၏ အမြတ်ဝင်ငွေများ ကျဆင်းခဲ့သည့်အတွက် အမြတ်အရှုံးအချိုးများလည်း ကျဆင်းခဲ့သည်။
- TMH ၏ လက်ရှိ PE ratio မှာ ၅၄.၉၁ ရှိသောကြောင့် စျေးကွက်၏ TMH ရှယ်ယာကို ဝယ်ယူရန် စိတ်အားထက်သန်မှုကို တွေ့ရသည်။
- ကုမ္ပဏီသည် လက်ရှိအချိန်တွင် ကြွေးမြီများမပါဘဲ လုပ်ငန်းပုံမှန်လည်ပတ်နေသောကြောင့် debt to equity ratio နှင့် net gearing ratio များတွက်ချက်နိုင်မည်မဟုတ်ပါ။

## ကုမ္ပဏီ၏ အနာဂတ်အလားအလာ

### ICT လုပ်ငန်းများသည် ဆက်လက်တိုးတက်ဖွယ်ရှိပြီး TMH သည် စွမ်းအင်လုပ်ငန်းများတွင် ဆက်လက်တိုးချဲ့ရန်ရှိ

ICT ကဏ္ဍ၏ နှစ်စဉ်တိုးတက်လာမှုနှင့်တကွ TMH ကုမ္ပဏီသည် လုပ်ငန်းအခွင့်အလမ်းအသစ်များကို ရှာဖွေရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ စီးပွားရေးမျှော်မှန်းချက်သည်လည်း မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၅ ခုနှစ် မျှော်မှန်းချက်ဖြစ်သည့် “Digital in Myanmar” နှင့် ကိုက်ညီပါသည်။ TMH ၏ လုပ်ငန်းများကို ရန်ကုန်၊ ရှမ်း၊ မွန် နှင့် စစ်ကိုင်းဒေသများတွင် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ optical fiber ကွန်ယက်များတွင် ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။ ရှမ်းပြည်နယ်အစိုးရနှင့် ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ TMH ကုမ္ပဏီသည် လက်ရှိလုပ်ငန်းများအပြင် စွမ်းအင်လုပ်ငန်းများပါ ဆက်လက်တိုးချဲ့သွားမည့် အလားအလာကိုတွေ့မြင်ရသည်။

# အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်း

## အစိုးရငွေတိုက်စာချုပ်များကို မိတ်ဆက်ခြင်း

Treasury Bond (သို့) Bill များသည် အစိုးရမှ တရားဝင်ထုတ်ဝေသော ငွေတိုက်စာချုပ်များကို ဆိုလိုပါသည်။ အစိုးရသည် ရင်းနှီးမြှုပ်နှံသူ (သို့) အဖွဲ့အစည်းများမှ ရင်းနှီးငွေများကို ကာလတစ်ခုကြာချေးယူပြီး အဆိုပါငွေတိုက်စာချုပ်ရင်းနှီးမြှုပ်နှံထားသူများကို ပုံမှန်အတိုးပေးအပ်ကာ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ငွေတိုက်စာချုပ်၏ မူလတန်ဖိုးကိုပြန်လည်ပေးအပ်ပါသည်။ အဆိုပါ ငွေတိုက်စာချုပ်များမှ ချေးယူရရှိသည့် ရင်းနှီးငွေများဖြင့် အစိုးရသည် နိုင်ငံကို အကျိုးပြုစေမည့် ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေတိုက်စာချုပ်များကို ငွေချေးသက်သေခံလက်မှတ်ရ ကုမ္ပဏီများမှ တဆင့် မြန်မာနိုင်ငံဗဟိုဘဏ်တွင် လေလံစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

## Bond နှင့် Bill များ၏ အခြေခံကွာခြားချက်များ




- **(၁) နှစ် အောက်** ရင်းနှီးမြှုပ်နှံမှု
- ၈.၀% မှ ၉.၀% အထိ နှစ်စဉ်ပြန်ရချက်ရှိ

*မှတ်ချက်။ ။ နှစ်စဉ်ပြန်ရချက်များသည် လေလံတိုင်းတွင် အပြောင်းအလဲရှိနိုင်ပါသည်။*

- **(၁) နှစ် အထက်** ရင်းနှီးမြှုပ်နှံမှု
- ၉.၅% ပုံသေ နှစ်စဉ်အတိုးနှုန်း
- (၆) လ တစ်ကြိမ် အတိုးပေးအပ်
- ၉.၅% မှ ၁၀.၀% အထိ နှစ်စဉ်ပြန်ရချက်ရှိ

## အစိုးရငွေတိုက်စာချုပ်များကို လေလံဆွဲသည့်ပုံစံ




- Treasury Bond များကို (၁) လ (၁) ကြိမ် လေလံဆွဲနိုင်ပြီး Treasury Bill များကိုမူ (၁) လ (၂) ကြိမ်လေလံဆွဲနိုင်ပါသည်။
- ဗဟိုဘဏ်မှ အတိုးများကို နှစ်စဉ် မေလနှင့် နိုဝင်ဘာလများတွင် ပေးအပ်ပါသည်။
- Treasury Bill သည် Treasury Bond ကဲ့သို့ နှစ်စဉ်အတိုး မပေးအပ်ပါ။

## အစိုးရငွေတိုက်စာချုပ်များတွင် အကျိုးအမြတ်ရရှိနိုင်ပုံ

### ကျပ် (၁) သိန်းတန် ငွေတိုက်စာချုပ်တွင် အကျိုးအမြတ်ရရှိနိုင်ပုံ

| ဝယ်ရင်းဈေး | ငွေတိုက်စာချုပ် သက်တမ်း | နှစ်စဉ်ပုံသေ အတိုးနှုန်း |
|---|---|---|
| ၉၉,၀၀၀ ကျပ် | ၂ နှစ် | ၉.၅% |

**ပထမနှစ်**

၄,၇၅၀ ကျပ် + ၄,၇၅၀ ကျပ်

**ဒုတိယနှစ်**

၁၀၀,၀၀၀ ကျပ် + ၄,၇၅၀ ကျပ် + ၄,၇၅၀ ကျပ်

- လေလံဆွဲနိုင်သည့်အပေါ်မူတည်၍ ငွေတိုက်စာချုပ်၏ ဝယ်ရင်းဈေးသည် အဆိုပါငွေတိုက်စာချုပ်၏ မူရင်းဈေးနှင့် အပြောင်းအလဲရှိနိုင်ပါသည်။
- ပိုမိုမြင့်မားသည့် ဈေးနှုန်းနှင့် လေလံဆွဲတိုင်း ငွေတိုက်စာချုပ်အပေါ် အကျိုးအမြတ် ပြန်ရချက်သည် ပိုမိုနည်းပါးမည် ဖြစ်သည်။

## ၂၀၁၉ ခုနှစ်၊ ဇွန်လ အစိုးရငွေတိုက်စာချုပ် လေလံရလဒ်

| Treasury Bill | (၁) လ (၂) ကြိမ် လေလံဆွဲသည်။ | | |
|---|---|---|---|
| သက်တမ်း | (၉၁) ရက် | (၁၈၂) ရက် | (၃၅၇) ရက် |
| နှစ်စဉ် ပြန်ရချက် | ၇.၉၇% မှ ၈.၂၅% | ၈.၉၀% မှ ၉.၁၅% | ၉.၀၀% မှ ၉.၅၀% |
| အရေအတွက် (ကျပ်) | ၂၁,၀၀၀ သန်း | ၄၀,၀၀၀ သန်း | ၂၅,၀၀၀ သန်း |
| **Treasury Bond** | **(၁) လ (၁) ကြိမ် လေလံဆွဲသည်။** | | |
| သက်တမ်း | (၂) နှစ် (၄) လ (၂၆) ရက် | (၃) နှစ် (၁၀) လ (၂၅) ရက် | (၄) နှစ် (၁၀) လ (၂၅) ရက် |
| နှစ်စဉ် ပြန်ရချက် | ၉.၅၀% မှ ၉.၉၀% | ၉.၄၅% မှ ၉.၈၉% | ၉.၆၅% မှ ၉.၈၅% |
| အရေအတွက် (ကျပ်) | ၁၀၆,၅၀၀ သန်း | ၈၀,၅၀၀ သန်း | ၁၀၀,၀၀၀ သန်း |

## အစိုးရငွေတိုက်စာချုပ်များတွင် ဘာကြောင့်ရင်းနှီးမြှုပ်နှံသင့်သလဲ?




*"Plan your future…today.*
*Take the first step with KBZSC."*



## ရင်းနှီးမြှုပ်နှံလိုသူများအတွက် အရေးကြီးသည့်ရက်စွဲများ

**Treasury Bill လေလံ အချိန်ဇယား**

| အကြိမ် | လေလံဆွဲမည့်နေ့ |
|---|---|
| 105th (TB0105) | ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) |
| 106th (TB0106) | ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) |
| 107th (TB0107) | ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) |
| 108th (TB0108) | ၂၅-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) |

**Treasury Bond လေလံ အချိန်ဇယား**

| အကြိမ် | လေလံဆွဲမည့်နေ့ |
|---|---|
| 36th (GB0036) | ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) |
| 37th (GB0037) | ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) |

လေလံကြော်ငြာချက်များကို ပုံမှန်အားဖြင့် လေလံဆွဲမည့်နေ့ မတိုင်ခင် ရုံးဖွင့်ရက် ၂-၃ ရက် ကြိုတင်ထုတ်ပြန်ပါသည်။

**KBZSC Securities Trading Department သို့ ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 – 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM – 4:30 PM (Monday – Friday) |

**တာဝန်မှ ကင်းလွတ်ကြောင်းအသိပေးခြင်း (Disclaimer)**

The Market Watch Newsletter အား KBZSC မှ အများပြည်သူသို့ အသိပညာပေးရန် ရည်ရွယ်၍ အများပြည်သူတို့ အလွယ်တကူရရှိနိုင်သောအချက်အလက်များနှင့် အခြားမှန်ကန်သောသတင်းအရင်းအမြစ်များအားမှီငြမ်း၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသတင်းလွှာတွင်ဖော်ပြထားသောအချက်အလက်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်အချို့သော သတင်းအချက်အလက်/ အကြောင်းအရာများကိုသာဖော်ပြထားသဖြင့် မိမိရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက အရေးပါသောအခြားအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ဆုံးရှုံးနိုင်ခြေများရှိသဖြင့် စတော့ရှယ်ယာဈေးကွက်တွင်ရင်းနှီးမြှုပ်နှံမည်ဆိုပါကမိမိ၏ risk profile နှင့် investment objective များပေါ်မူတည်၍ စဉ်းစားသုံးသပ်ရန်လိုအပ် ပါသည်။ ဤသတင်းလွှာတွင် ပါဝင်သော သတင်းအချက်များကိုအသုံးပြု၍ ဖြစ်ပေါ်လာသောမည်သည့်ရလဒ်အပေါ်မဆို KBZSC မှ တာဝန်မရှိပါ။ ဤ သတင်းလွှာတွင် ပါဝင်သော သတင်းအချက် အလက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း KBZSC ၏ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝခွင့်မပြုပါ။